
# ငလျင်ဘေးကြောင့်ထိခိုက်ဆုံးရှုံးမှုအခြေအနေ
# အစီရင်ခံစာ (အမှတ်စဉ်-၄)
## ၂၀၂၅ခုနှစ်၊ ဧပြီလ ၂ရက်


## ဖြစ်စဉ်အကျဉ်းချုပ်

အင်အား(၇.၇)ပမာဏရှိသည့် စစ်ကိုင်းငလျင်ကြီးလှုပ်ခတ်ခဲ့ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည့် မြို့နယ်စုစုပေါင်း(၄၇) မြို့ရှိပြီး ၎င်းတို့အနက် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၊ အမရပူရ၊ နေပြည်တော်၊ စစ်ကိုင်းနှင့်တံတားဦးမြို့နယ်၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တို့တွင် လူသေဆုံးမှုနှင့် ထိခိုက်ဆုံးရှုံး အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသည်။ စစ်ကိုင်းငလျင်ကြီးကြောင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ နေပြည်တော်၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်နီပြည်နယ်တို့မှ လူဦးရေ စုစုပေါင်း (၈,၈၆၉,၅၆၁)ခန့် ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသည်။ ကနဦးဆန်းစစ်ချက်များအရ ရုပ်အလောင်းများသဂြိုလ်ခြင်း၊ အပျက်အစီးရှင်းလင်းခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူသားချင်းစာနာမှု အကူအညီပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပြီး အကန့်အသတ်များနှင့် လိုအပ်ချက်များစွာ ရှိနေပါသည်။ ငလျင်ဘေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာ ဝန်ကြီးဌာနသို့ ပြည်တွင်းပြည်ပမှ အလှူရှင်များက လှူဒါန်းငွေမှာ ယနေ့အထိ ငွေကျပ် (၁,၇၀၀,၀၀၀,၀၀၀)ခန့်ရရှိထားပြီး ဘေးသင့်တိုင်း ၃ ခု နှင့် ပြည်နယ် ၁ ခု တို့မှ အိမ်ထောင်စု (၂,၂၃၉) စုအတွက် အရေးပေါ်ထောက်ပံ့ငွေကျပ် (၆၇၉,၂၀၀,၀၀၀)နှင့် စားနပ်ရိက္ခာ ထောက်ပံ့ငွေ ကျပ် (၁၂၀,၀၀၀,၀၀၀)၊ စုစုပေါင်း ၇၉၉,၂၀၀,၀၀၀ ကျပ်ကို ချိတ်ဆက်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပြီး ကျန်ဒေသများကိုလည်း ဆက်လက် ပံ့ပိုးသွားမည်ဖြစ်သည်။




## ကြုံတွေ့ရသည့်စိန်ခေါ်မှုများ

နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိနိုင်မှု ကန့်သတ်ချက်ရှိခြင်းကြောင့် ငလျင်ဘေးထိခိုက်သည့် မြို့နယ်များတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ကိုယ်ထူကိုယ်ထ လုပ်ဆောင်နေရပြီး နည်းပညာနှင့် စက်ယန္တရားများ မရှိခြင်းကြောင့် အပျက်အစီးအများအပြား ကျန်ရှိနေဆဲဖြစ်ပါသည်။ စစ်တပ်နှင့် ၎င်းတို့၏လုံခြုံရေးအဖွဲ့များက နေရာတော်တော်များများကို ခွင့်ပြုချက်မပေးခြင်းကြောင့် စာရင်းဇယားကောက်ယူရေး၊ ကယ်ဆယ်ထောက်ပံ့ရေးနှင့် ညှိနှိုင်းပေါင်းစပ်ရေး လုပ်ငန်းများတွင် အခက်အခဲများ ရင်ဆိုင်ကြရသည်။ စစ်တပ်၏ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် ဘေးသင့်ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးအတွက် လွန်စွာ အခက်အခဲကြုံနေကြရပြီး စစ်တပ်ထိန်းချုပ်မှုအောက်ရှိ အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ တာဝန်ရှိသည့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကို မရရှိဘဲ ဖြစ်နေကြသည်။ အညာဒေသဖြစ်သည့်အတွက် နေ့အပူချိန်များ မြင့်မားခြင်း၊ ကောင်းမွန်စွာ အနားမယူနိုင်ခြင်း၊ အခိုအကာများလုံလောက်မှုမရှိခြင်းတို့ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သောက်သုံးရေပြတ်တောက်ခြင်းနှင့် ဘေးသင့်ပြည်သူများ ယာယီစုစည်းနေထိုင်ကြသည့် နေရာများနှင့် ဆေးရုံများတွင် အိမ်သာနှင့် အညစ်အကြေးစွန့်ပစ်ရန်နေရာများ လုံလောက်မှုမရှိခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။



## အရေးပေါ်လိုအပ်ချက်များ

ရုပ်အလောင်းများကို ကိုင်တွယ်ရာတွင် စနစ်တကျလက်အိတ်များ အသုံးပြုခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ ရုပ်အလောင်းရှိသည့် နေရာများကို ပိုးသတ်နိုင်ရန်အတွက် Aseptol နှင့် bleaching powder များဖြန်းခြင်း/ ဖြူးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ဒဏ်ရာရရှိသည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းနှင့် အထူးကူညီစောင့်ရှောက်မှု လိုအပ်နေသူများအတွက် ရွေ့လျားဆေးအဖွဲ့များဖြင့် လိုက်လံကုသပေးရန် လိုအပ်လျက်ရှိသည်။ ငလျင်နောက်ဆက်တွဲ မြေလွှာပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဘူမိဗေဒဆိုင်ရာအန္တရာယ် ဖြစ်ပေါ်နိုင်သည့်အတွက် ဆန်းစစ်လေ့လာခြင်း၊ အများပြည်သူအသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်သည်။

လာမည့်ကာလအတွင်း မုတ်သုံဝင်ချိန်တွင် အပူအအေးပြောင်းလဲမှုများကြောင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်သည့်အတွက် ငလျင်ဘေးသင့်ပြည်သူများကို လုံခြုံသည့် အမိုးအကာအောက် ရောက်ရှိနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်သည်။ ငလျင်ဘေးအပြင် မီးဘေးကြုံတွေ့ခဲ့ရသည့် ပြည်သူလူထုအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအမံများ ထိရောက်စွာ ဆောင်ရွက်ပေးရန် အရေးကြီးပြီး အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု များစွာ လိုအပ်ပါသည်။

Contacts
1.Ministry of Humanitarian Affairs and Disaster Management
Email: mohadm@nugmyanmar.org
2. Ministry of Foreign Affairs
Email: mofa@nugmyanmar.org
3. Press office Team
Signal: (+1) 332-240-3557
Email: pst@nugmyanmar.org

မိသားစုသုံးမိုးကာတဲများ
ရေသန့်စက်များ
ဆိုလာမီးသီး/မီးချောင်းများ
လက်နှိပ်ဓါတ်မီး
Mask များ
အကာအကွယ်လက်အိတ်များ

ပါရာစီတမော
ဓါတ်ဆား
ရေဆူဆေးပြား
အနာလိမ်းဆေး
ခြင်မကိုက်သည့်လိမ်းဆေး
Dicol Gel ကဲ့သို့လိမ်းဆေးများ